★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက် သတင်းစဉ်

အမှတ်စဉ် ၂၄ / ၂၀၀၇

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်။

**သူတို့က ၂/၈၈ကို အမြဲပြောတယ်။ လူငါးယောက်ထက်ပိုပြီး မစုရဘူးတဲ့။ ကျမတို့ ထောက်ပြချင်တာက ဥပဒေကိုလုပ်တဲ့အခါ ထိန်းသိမ်းတဲ့ အာဏာပိုင် အဖွဲ့အစည်းများဟာ ဥပဒေရဲ့ ရည်ရွယ်ချက်၊ အနှစ်သာရကို ပထမထားပြီး ကြည့်ရမယ်။ စာသားက အရေးကြီးတာ မဟုတ်ဘူး။ ဥပဒေထဲမှာ ငါးယောက်ထက်ပိုပြီး မစုရဘူးဆိုပေမယ့် ဒီဥပဒေထုတ်ထားတာဟာ ရုံးရင်းဆန်ခတ် မဖြစ်အောင်လို့၊ အကြမ်းဖက်မှုများ မဖြစ်အောင်လို့။ ရုံးရင်းဆန်ခတ် မဖြစ်ဘူးဆိုရင် လူငါးသိန်းပဲ စုနေ၊ စုနေ။ ဘာမှ ဒီဥပဒေအရ အရေးယူစရာမလိုဘူး။ တကယ်ပဲ တိုင်းပြည် အကျိုးကို လိုလားတဲ့ အာဏာပိုင်အဖွဲ့အစည်းများဟာ ရုံးရင်းဆန်ခတ်မဖြစ်ဘူး ဆိုရင် အရေးယူစရာမလိုဘူး။**
**(ရေဝတီတိုင်းခရီးစဉ်အတွင်း ၁၉၈၉ခုနှစ်၊ဇန္နဝါရီ ၂၃ရက်နေ့ ထောက်ရှာရွာ၌ ပြောကြားသော မိန့်ခွန်းမှ)**



ဒေါ်အောင်ဆန်းစုကြည် နောက်ဆုံး အထိန်းသိမ်းခံထားရတာ ယခုဆိုရင် (၄)နှစ် (၄)လနဲ့ (၁၅)ရက်ရှိသွားပါပြီ

## ယနေ့ သတင်းများ

**တွေ့ဆုံဆွေးနွေး အဖြေရှာရန် ဒီချုပ် ကြေငြာချက်ထုတ်ပြန်**
**အန်အယ်လ်ဒီအပေါ် စစ်အစိုးရ၏ စွပ်စွဲချက်များ အခြေအမြစ်မရှိကြောင်း အန်အယ်လ်ဒီ တုန့်ပြန်**
**မြန်မာသံရုံးရှေ့ဆန္ဒပြတဲ့ သံဃာနှစ်ပါးကို ထိုင်းတရားရုံးက ဒဏ်ငွေ ဘတ် [၆၀၀၀] ရိုက်**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်**
**မော်လမြိုင် တက္ကသိုလ်ကျောင်းသားဟောင်းများအဖွဲ့ ထုတ်ပြန်ချက်**
**စစ်အစိုးရကို တော်လှန်ဖို့ ပန်ကြားစာတွေ ရန်ကုန်မှာ ဖြန့်ဝေနေပြီ**
**သာသနာ့အရေးတွင် ပြည်သူတို့ ပူးပေါင်းပါဝင်ရန် ကဗျာဆရာများ တိုက်တွန်း**
**ဝန်ထမ်းတွေ ဆန္ဒမပြဖို့ သတိပေးပိတ်ပင်**
**ဝါးခယ်မမြို့မှာ သံဃာတော်နဲ့ ဒကာ ဒကာမများကို နှောက်ယှက်ခြိမ်းခြောက်**
**ပုလိပ်မြို့တွင် ကလေးငယ်များကို စစ်တပ်မှ ဖမ်းဆီးနေ**
**န အ ဖ ထောက်ခံမှုရပ်ဆိုင်းရန် တရုတ်အစိုးရကို ကမ်ပိန်းလုပ်မည်**
**မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးဖေါ်ဆောင်ဖို့ တရုတ်အစိုးရက န အ ဖ အား တိုက်တွန်း**
**ဆန္ဒပြမှုတွေကြောင့် အဖမ်းခံထားရသူများကို ချက်ချင်းပြန်လွှတ်ပေးဖို့ ပြည်ပရောက် ဆရာဝန်များက တောင်းဆို**
**ကြေညာထားသည့်အတိုင်း သံဃာများ သပိတ်မှောက်ရန် ပြင်ဆင်နေခြင်း**
**၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင်ဖြစ်သူ ကိုဇော်ဇော်မင်းအတွက် မိသားစု အထူးစိုးရိမ်**
**မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးဖေါ်ဆောင်ဖို့ တရုတ်အစိုးရက န အ ဖ အား တိုက်တွန်း**

# တွေ့ဆုံဆွေးနွေး အဖြေရှာရန် ဒီချုပ် ကြေငြာချက် ထုတ်ပြန်

ဒီဗွီဘီ ၊ ၁၄ ၊ စက်တင်ဘာ ၊ ၂၀၀၇

နအဖအနေနဲ့ လက်ရှိဖြစ်ပေါ်နေတဲ့ ဆန္ဒပြပွဲတွေ၊ အကြပ်အတည်းတွေနဲ့ ပတ်သက်ပြီး အမျိုးမျိုးစွပ်စွဲ ပြောဆိုနေမဲ့အစား တွေ့ဆုံ ဆွေးနွေးရေးနည်းနဲ့အဖြေရှာဖို့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က ဒီကနေ့ ထပ်မံတိုက်တွန်း လိုက်ပါတယ်။ ဒီကနေ့နေ့စွဲနဲ့ ကြေငြာချက်ထုတ်ပြန် တိုက်တွန်းလိုက်တာဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ အဖွဲ့ချုပ်ရဲ့ တောင်းဆိုချက်ကို နအဖက အမြဲလျစ်လျူရှုနေခဲ့တာကြောင့် ပြဿနာတွေပိုဆိုးလာရတာလို့လဲ ကြေငြာချက်မှာ အခုလို ထောက်ပြထားပါတယ်။

"အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထက်တွင်ဖော်ပြထားသည့် အကြံပြုကမ်းလှမ်းချက်များသည် အာဏာပိုင်များက ငြိမ်းချမ်းစွာအဖြေမရှာခဲ့သောကြောင့်သာ ယခုကဲ့သို့သော ဆန္ဒပြမှုများ ပေါ်ပေါက်လာရခြင်းဖြစ်ပါသည်။ ယင်းဆန္ဒပြမှုများသည် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ ဖန်တီးမှုကြောင့် မဟုတ်ကြောင်း ထင်ရှားစေပါသည်။ မည်သူ့တွင် တာဝန်ရှိကြောင်းလဲ ပေါ်လွင်စေပါသည်။ အာဏာပိုင်များ၏ ကျောထောက်နောက်ခံပြုထားသည့် အဖွဲ့များကလဲ အကြမ်းဖက်နှိမ်နင်းခဲ့ကြပါသည်။ ထို့ကြောင့် ပိုမိုတင်းမာသည့်အခြေအနေသို့ဦးတည်သွားပါသည်။ ဤအခြေအနေများနှင့် ဤဖြစ်ရပ်မှန်တို့ကို ပြည်သူလူထုကိုယ်တိုင်ကြုံတွေ့ သိရှိကြားမြင်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် အုပ်ချုပ်သူများနှင့် ပြည်သူလူထုအကြား ပေါင်းကူးတံတားသဖွယ်ဖြစ်သောကြောင့် အဖွဲ့ချုပ်က ငြိမ်းချမ်းစွာဖြေရှင်းလိုသော ဆန္ဒဖြင့် ပြည်သူလူထု၏ဘဝ သရုပ်မှန်ကိုထင်ဟပ်စေသည့် ကြေညာချက်များကိုထုတ်ပြန်ရပါသည်။

ကြေငြာချက်နိဂုံးပိုင်းမှာတော့ လက်ရှိကြုံတွေ့နေရတဲ့ ပြဿနာတွေ ပြေလည်စေရေးအတွက် တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ ညှိနှိုင်းဖြေရှင်းဖို့ အခုလို တောင်းဆိုထားပါတယ်။ အာဏာပိုင်များသည် ထွေထွေအကြပ်အတည်းဟူသော အကြောင်းတရားကြောင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဟူသော အကျိုးဆက်များ ဖြစ်ပေါ်လာသည်ကို ပကတိအရှိအတိုင်း အရှိတရားအတိုင်း ဝေဖန်ပိုင်းခြားခြင်းမရှိဘဲ အဖွဲ့ချုပ်က ဤလှုပ်ရှားမှုများ ဖန်တီးသလိုလို အခြေအမြစ်မရှိဘဲ နိုင်ငံရေးလှည့်ကွက်အဖြစ် မဟုတ်မမှန် စွပ်စွဲလာပါသည်။ ယခုလို မိုးကြိုးပစ်ရာ ထမ်းလက်နဲ့ကာ စွပ်စွဲခြင်းများမှာ ဆင်ခြင်တုံတရားဖြင့် အကြောင်းအရင်းမှန်ကို ရှာဖွေခြင်း

မဟုတ်သဖြင့် ပြဿနာများကိုဖြေရှင်းနိုင်ခြင်းမရှိသည့်အပြင် အဖြေမှန်နဲ့ ရလဒ်ကောင်းတို့ရရှိမည်မဟုတ်ပါ။ ပြည်သူလူထု၏ လူမှုဘဝ ဒုက္ခများမှလဲ လွတ်မြောက်နိုင်မည် မဟုတ်ပါ။

အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပင် ထိခိုက်စေနိုင်ပါသည်။ သို့ပါ၍ ပြည်လူသူထုနိစ္စဒူဝခံစားနေကြရသောလူမှုဒုက္ခ အပေါင်းမှ လွတ်မြောက်ရာ အာဏာပိုင်များ အမှန်တကယ် စိတ်ဆန္ဒရှိကြပါလျှင် တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလျှင်အမြန်တည်ဆောက်၍ တိုင်းပြည်၏ အထွေထွေအကြပ်အတည်းများကို ညှိနှိုင်းဖြေရှင်း၍ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါလျှင် အကောင်းဖက်သို့ ဦးတည်ပြောင်းလဲမှုကို လိုလားနေသော ပြည်သူလူထု၏ မျှော်လင့်ချက်များ ပြန်လည် ရှင်သန်လာမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

ဒီကနေ့ ထုတ်ပြန်တဲ့အဖွဲ့ချုပ် ကြေညာချက်ကို ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်း ဖတ်ပြပေးသွားတာ ဖြစ်ပါတယ်။ ■

## အန်အယ်လ်ဒီအပေါ် စစ်အစိုးရ၏ စွပ်စွဲချက်များ အခြေအမြစ်မရှိကြောင်း အန်အယ်လ်ဒီ တုန့်ပြန်

ဒီဗွီဘီ ၊ ၁၅ ၊ စက်တဘ်ာ ၊ ၂၀၀၇

စစ်အစိုးရအနေနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကို စွပ်စွဲပုတ်ခတ်မှုတွေဟာ အခြေအမြစ်မရှိကြောင်း အဲန်အယ်လ်ဒီက တုံ့ပြန်လိုက်ပါတယ်။ လက်ရှိပြည်သူတွေ ဖြစ်ပျက်နေတဲ့အခြေအနေတွေကို ဖြေရှင်းပေးဖို့အတွက် စစ်အစိုးရဟာ အတိုက်အခံတို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ့ဆုံဆွေးနွေးရေး လုပ်ရမယ်လို့လည်း ဖော်ပြထားတဲ့ ကြေညာချက်တစ်စောင် အဲန်အယ်လ်ဒီက ဒီကနေ့ ထုတ်ပြန်ခဲ့တာဖြစ်ပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ စစ်အစိုးရရဲ့ ပြစ်တင်ဝေဖန်စွပ်စွဲမှုတွေဟာ အခြေအမြစ်မရှိကြောင်းကြေညာချက်ထုတ်ပြီး တုံ့ပြန်လိုက်ပါတယ်။ စစ်အစိုးရရဲ့ ဝေဖန်မှုတွေဟာ နိုင်ငံရေးအရ လှည့်ကွက်တစ် ခုသာဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းက အခုလိုပြောပါတယ်။

> **ဒီလို ဆောင်ရွက်ခြင်းအားဖြင့် ပြဿနာတွေကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး၊ ရလဒ်ကောင်းလည်း ရရှိနိုင်မှာမဟုတ်ဘူး၊ ပြည်သူလူထုရဲ့ လူမှုဘဝဒုက္ခမှာလည်း လွတ်မြောက်နိုင်မှာမဟုတ်ဘူး။**

“အဖွဲ့ချုပ်အနေနဲ့က ပြည်သူလူထုက မဲဆန္ဒပေးပြီးတော့ အနိုင်ရထားတဲ့ ပါတီဖြစ်တဲ့အတွက်တာဝန်အရ ပြည်သူလူထုရဲ့ဆန္ဒတွေကို စဉ်ဆက်မပြတ်ထုတ်ပြန်နေရမှာဖြစ်တယ်။ အာဏာပိုင်တွေဟာ အထွေထွေ အကျပ်အတည်းတွေကို အကျပ်အတည်းဟူသော အကြောင်းတရားကြောင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဆိုတဲ့အကျိုးဆက်ဖြစ်ပေါ်လာတာကို ပကတိအရှိတရားအတိုင်း ဝေဖန်ပိုင်းခြားမှုမရှိဘဲနဲ့အဖွဲ့ချုပ်က ဆူပူလှုပ်ရှားမှုကို ဖန်တီးသလိုလို အခြေအမြစ်မရှိတဲ့ နိုင်ငံရေးလှည့်ကွက်အဖြစ် မဟုတ်မမှန်စွပ်စွဲလာတယ်။ ဒီလို ဆောင်ရွက်ခြင်းအားဖြင့် ပြဿနာတွေကို ဖြေရှင်းနိုင်မှာ မဟုတ်ဘူး၊ ရလဒ်ကောင်းလည်း ရရှိနိုင်မှာမဟုတ်ဘူး၊ ပြည်သူလူထုရဲ့ လူမှုဘဝဒုက္ခမှလည်း လွတ်မြောက်နိုင်မှာမဟုတ်ဘူး။”

တကယ်တော့ အဲန်အယ်လ်ဒီဟာ ၂၀၀၆ ခုနှစ် ဧပြီလ ၂၀ ရက်နေ့ကတည်းက အထူးကြေညာချက်ထုတ်ပြီးစစ်အစိုးရကို သတိပေးခဲ့တယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာ ငွေကြေးဖောင်းပွတာတွေ၊ ပြည်သူလူထု စားဝတ်နေရေးကျပ်တည်းမှုတွေ၊ ဆင်းရဲမွဲတေမှုတွေ ဖြစ်နေတာတွေကို ဖော်ပြထားပြီးဖြစ်ကြောင်း စစ်အစိုးရအနေနဲ့ တရားဝင်အစိုးရဖြစ်ဖို့နဲ့ ပြည်သူ့လွှတ်တော်ခေါ်ယူပေးဖို့အတွက်လည်း တောင်းဆိုခဲ့တယ်လို့ ဆိုပါတယ်။

ဒီကနေ့ ကြေညာချက်အရ ဒီလို မငြိမ်မသက်မှုတွေဖြစ်လာရတဲ့ တရားခံဟာ စစ်အစိုးရပဲလို့ ပြောချင်နေပုံရပါတယ်။ ဒီတော့ အဲန်အယ်လ်ဒီအနေနဲ့စစ်အစိုးရထံကနေ ဘာတွေများမျှော်လင့်ထားပါသလဲလို့ မေးတဲ့ အခါမှာတော့ –

“လူမှုဒုက္ခအပေါင်းက လွတ်မြောက်ဖို့ဆိုရင် လွတ်မြောက်ဖို့ အာဏာပိုင်များက ဆန္ဒရှိတယ်ဆိုရင်တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလျင်အမြန်တည်ဆောက်ကြရမယ်၊ တိုင်းပြည်ရဲ့ အထွေထွေအကျပ်အတည်းကိုလည်း ညှိနှိုင်းပြီးတော့ ဆောင်ရွက်ကြရမယ်၊ အဲဒီလို ဆောင်ရွက်ပြီးရင်အကောင်းဘက်ကို ဦးတည်တဲ့ပြောင်းလဲမှုကို လိုလားတဲ့ ပြည်သူလူထုတွေကလည်း မျှော်လင့်ချက်များပြန်လည် ရှင်သန်လာမယ်။”

အခုလက်ရှိ အခြေအနေမှာတော့ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေကို ဆန္ဒပြမှာစိုးတာကြောင့်ဆိုပြီးကြိုတင် ဖမ်းဆီးမှုတွေလုပ်ခဲ့ကြောင်းကိုလည်း ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်းက ဆက်ပြောပြပါတယ်။

“စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့နယ်က မြို့နယ်စည်း ဉက္ကဌ ဦးအောင်ရွှေ၊ အတွင်းရေးမှူး ဦးချစ်ဦး၊တွဲဖက် အတွင်းရေးမှူး ဦးခင်မောင်သိန်း၊ မြို့နယ်စည်းအဖွဲ့ဝင် ဦးတုတ်ကြီး တို့လေးဦးနဲ့ အခြားအဖွဲ့ဝင်တွေကို ဖမ်းတယ်လို့သိရတယ်။ အချို့ဟာတွေတော့ ကျနော်တို့ စာရင်း မသိရဘူး၊ သူတို့ကိုအိမ်တွေမှာ လာခေါ်သွားတယ်၊ အခုထိ မိသားစုနဲ့ မတွေ့ရသေးဘူးလို့ သိရတယ်။ နောက်ထပ်ထပ်ရရှိထားတဲ့သတင်းကတော့ သူတို့ကို မန္တလေးထောင်ကို ပို့လိုက်ပြီလို့လည်း သတင်းရနေပါတယ်။”

အဲန်အယ်လ်ဒီဟာ အခုလက်ရှိ အခြေအနေမှာတော့လူထုတွေရဲ့ ဆန္ဒထုတ်ဖော်မှုတွေကို မှားယွင်းမှုလို့မမြင်သလို အဲန်အယ်လ်ဒီမှာ လူထုနဲ့ ထိစပ်နေတဲ့ပါတီတစ်ရပ်ဖြစ်တဲ့အတွက် လူထုဆန္ဒတွေကို ဆက်လက်ထုတ်ဖော်သွားမယ်လို့လည်း ပြောဆိုသွားပါတယ်။ ■

## မြန်မာသံရုံးရှေ့ဆန္ဒပြတဲ့ သံဃာနှစ်ပါးကို ထိုင်းတရားရုံးက ဒဏ်ငွေ ဘတ် [၆၀၀၀] ရိုက်

ဒီဗွီဘီ ၊ ၁၄ ၊ စက်တင်ဘာ ၊ ၂၀၀၇

ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြန်မာသံရုံးရှေ့မှာ ကန့်ကွက်တောင်းဆိုဆန္ဒပြတဲ့ မြန်မာသံဃာတော် (၂) ပါးကို ထိုင်းတရားရုံးက ဒဏ်ငွေ ဘတ် (၆,၀၀၀) စီရိုက်ပြီး မြန်မာနယ်စပ် ဘက်ကို ပြန်ပို့လိုက်ပါတယ်။ ထိုင်းဘတ်ငွေ (၆,၀၀၀) ဟာ မြန်မာကျပ်ငွေ (၂) သိန်းကျော်ရှိပါတယ်။

ပခုက္ကူမြို့မှာ သံဃာတော်တွေ အကြမ်းဖက်ရိုက်နှက်ခံရတဲ့အရေးကို ကန့်ကွက်ပြီး သံဃာတော်တွေနဲ့ ကျောင်းသားခေါင်းဆောင်တွေကို ပြန်လွှတ်ပေးရေးအတွက် ထိုင်း–မြန်မာနယ်စပ်မှာ သီတင်းသုံးတဲ့ ဦးသုဝရနဲ့ ဦးဝရိန္ဒ တို့က အခုလ (၁၂) ရက်မှာ တောင်းဆိုဆန္ဒပြခဲ့တာဖြစ်ပါတယ်။ ■



# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
# အမှတ် ၉၇/ခ ၊ အနောက်ရွှေဂုံတိုင်လမ်း
# ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၁၄)ရက်။
၁၃၆၉ ခုနှစ်၊ တော်သလင်းလဆန်း (၃)ရက်။
ကြေညာချက် –၁၂/ ၀၉/ ၂၀၀၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းပြည်တွင်ဖြစ်ပေါ်နေသော အထွေထွေအကျပ်အတည်းများကိုဖြေရှင်းနိုင်ရန် ၂၀၀၆ ခုနှစ် ဧပြီလ (၂၁)ရက်နေ့ကတည်းက အထူးကြေညာချက် – ၃/၀၄/၀၆ ကို ထုတ်ပြန်ခဲ့ပါသည်။ ထိုကြေညာချက်တွင် ကုန်ဈေးနှုန်းများ လွန်စွာကြီးမြင့်နေခြင်း၊ ကြောက်ခမန်းလိလိငွေကြေးဖောင်းပွနေခြင်း၊ လူများစုမှာ စားဝတ်နေရေးအကျပ်အတည်းများ အခက်အခဲဖြစ်နေခြင်း၊ ပြည်တွင်းသုံးစွမ်းအင်များ ဖူလုံမှုမရှိဖြစ်နေခြင်း၊ စသည့်ဖြင့်ငြင်းပယ်၍မရသော တိုင်းပြည်၏ ပကတိအခြေအနေတို့ကို ဖော်ပြခဲ့ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား တရားဝင်အုပ်ချုပ်သောကောင်စီ ဖြစ်လာစေရေးအတွက် ပြည်သူ့လွှတ်တော်တရပ်ကိုခေါ်ယူဖွဲ့စည်းပေးရန် တွေ့ဆုံဆွေးနွေးအဖြေရှာရမည်ဖြစ်ကြောင်း၊ တရားဝင်အုပ်ချုပ်သောကောင်စီဖြစ်မှသာလျှင် တိုင်းပြည်တွင်ဖြစ်ပေါ်နေသော အထွေထွေအကျပ်အတည်းများကို ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားများအား အဓိကထား၍ နှစ်ဦးနှစ်ဖက်တရားမျှတစွာ ဖြစ်နိုင်ချေရှိသည့် ကိစ္စများကို အလျင်အမြန်ဆွေးနွေးကြရန် လိုအပ်ကြောင်းတို့ကိုလည်း ရိုးသားပွင့်လင်းသောစေတနာမှန်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

သို့သော် အာဏာပိုင်များက ကျရောက်လာမည့်အန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စိတ်ကောင်းစေတနာမှန်ဖြင့် ကမ်းလှမ်းချက်များကို လျစ်လျူရှုခဲ့ပါသည်။ ပြည်သူလူထု၏ နေ့စဉ်ကြုံတွေ့ခံစားနေရသောဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရန် တရားနည်းလမ်းတကျ အကြိမ်ကြိမ်အခါခါ အကြံပြုချက်များကိုလည်း မျက်ကွယ်ပြုခဲ့ပါသည်။ ထို့ကြောင့် ယနေ့အအခြေအနေတွင် ပြည်သူလူထုအများစုကြီးသည် ဆင်းရဲတွင်း နက်သည်ထက်နက်လာပြီး စားဝတ်နေရေး သွားလာရေးအခက်အခဲများ အထူးဆိုးဝါးလာပါသည်။ ထိုအခါ ယင်းလူမှုဘဝ ဒုက္ခအမျိုးမျိုးကို မခံမရပ်နိုင်သောပြည်သူလူထုက ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော် ပြသခဲ့ကြပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထက်တွင်ဖော် ပြထားသည့် အကြံပြုကမ်းလှမ်းချက်များအတိုင်း အာဏာပိုင်များက ငြိမ်းချမ်းစွာအဖြေမရှာခဲ့သောကြောင့်သာ ယခုကဲ့သို့သော ဆန္ဒပြမှုများပေါ်ပေါက်လာရခြင်း ဖြစ်ပါသည်။

ယင်းဆန္ဒပြမှုများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဖန်တီးမှုကြောင့်မဟုတ်ကြောင်း ထင်ရှားစေပါသည်။ မည်သူ့တွင် တာဝန်ရှိကြောင်းလည်း ပေါ်လွင်နေပါသည်။ အာဏာပိုင်များ၏ ကျောထောက်နောက်ခံပြုထားသည့်အဖွဲ့များကလည်း အကြမ်းဖက် နှိမ်နင်းခဲ့ကြပါသည်။ ထို့ကြောင့် ပိုမိုတင်းမာသည့် အခြေအနေသို့ ဦးတည်သွားပါသည်။ ဤအခြေအနေများနှင့် ဤဖြစ်ရပ်မှန်တို့ကို ပြည်သူလူထုကိုယ်တိုင် ကြုံတွေ့သိရှိကြားမြင်ပြီး ဖြစ်ပါသည်။

ထို့ကြောင့် နိုင်ငံရေးအဖွဲ့အစည်းများသည် အုပ်ချုပ်သူများနှင့် ပြည်သူလူထုအကြား ပေါင်းကူးတံတားသဖွယ်ဖြစ်သောကြောင့် အဖွဲ့ချုပ်က ငြိမ်းချမ်းစွာဖြေရှင်းလိုသောဆန္ဒဖြင့် ပြည်သူလူထု၏ဘဝသရုပ်မှန်ကိုထင်ဟပ်စေသည့် ကြေညာချက်များကို ထုတ်ပြန်ရပါသည်။ ထိုသို့ ထုတ်ပြန်ရာတွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ် ၂၀ တွင်ပါရှိသည့် "လူတိုင်းတွင် လွတ်လပ်အေးချမ်းစွာ စုဝေးနိုင်ခွင့်" ဟူသည်နှင့် ဒီမိုကရေစီကျင့်စဉ်များတွင်ပါရှိသည့်အတိုင်း အများပြည်သူနှင့်အဖွဲ့ချုပ်အဖွဲ့ဝင်များသိရှိစေရန် ရေးသားဖော် ပြရပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မဲဆန္ဒရှင်ပြည်သူလူထုကတရားဝင် တခဲနက်ထောက်ခံထားသည့် နိုင်ငံရေးပါတီဖြစ်သည့်အားလျော်စွာ ပြည်သူလူထု၏ စားဝတ် နေရေး လူမှုဘဝအခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက်တာဝန်အရ ၎င်းတို့၏ ဆန္ဒသဘောထားများကို စဉ်ဆက်မပြတ်ထုတ်ပြန်နေရမည် ဖြစ်ပါသည်။

အာဏာပိုင်များသည် အထွေထွေအကျပ်အတည်းဟူသော အကြောင်းတရားကြောင့် ငြိမ်းချမ်းစွာဆန္ဒပြခြင်းဟူသော အကျိုးဆက်များဖြစ်ပေါ်လာသည်ကို ပကတိအရှိတရားအတိုင်း ဝေဖန်ပိုင်းခြားခြင်းမရှိဘဲ၊ အဖွဲ့ချုပ်က ဤဆူပူလှုပ်ရှားမှုများဖြစ်အောင်ဖန်တီးသလိုလို အခြေအမြစ်မရှိဘဲ နိုင်ငံရေးလှည့်ကွက်အဖြစ် မဟုတ်မမှန် စွပ်စွဲလာပါသည်။ ယခုလို မိုးကြိုးပစ်ရာ ထန်းလျက်နဲ့ကာ စွပ်စွဲခြင်းများမှာ ဆင်ခြင်တုံတရားဖြင့်အကြောင်းရင်းမှန်ကို ရှာဖွေခြင်း မဟုတ်သဖြင့် ပြဿနာများကို ဖြေရှင်းနိုင်မည်မရှိသည့်အပြင် အဖြေမှန်နှင့်ရလဒ်ကောင်းကိုရရှိမည် မဟုတ်ပါ။ ပြည်သူလူထု၏ လူမှုဘဝဒုက္ခများမှလည်း လွတ်မြောက်နိုင်မည် မဟုတ်ပါ။ အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပင် ထိခိုက်စေနိုင်ပါသည်။

သို့ပါ၍ ပြည်သူလူထု နိစ္စဓူဝခံစားနေကြရသော လူမှုဒုက္ခအပေါင်းမှလွတ်မြောက်ရန် အာဏာပိုင်များတွင် အမှန်တကယ်စိတ်ဆန္ဒရှိကြပါလျှင် တွေ့ဆုံဆွေးနွေးပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလျင်အမြန်တည်ဆောက်၍ တိုင်းပြည်၏အထွေထွေအကျပ်အတည်းများကို ညှိနှိုင်းဖြေရှင်း၍ ပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါလျှင် အကောင်းဘက်သို့ဦးတည်သည့် ပြောင်းလဲမှုကိုလိုလားနေသော ပြည်သူလူထု၏ မျှော်လင့်ချက်များ ပြန်လည်ရှင်သန်လာမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

၃ – ၉ – ၀၇ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

## မော်လမြိုင် တက္ကသိုလ်ကျောင်းသားဟောင်းများအဖွဲ့ ထုတ်ပြန်ချက်

ဒီဗွီဘီ ၊ ၁၄ ၊ စက်တဘ်ာ ၊ ၂၀၀၇

ပခုက္ကူမြို့က သံဃာထု မေတ္တာပို့လမ်းလျှောက်တာကို အကြမ်းဖက် ဖြိုခွင်းခဲ့တဲ့ကိစ္စကို မော်လမြိုင် တက္ကသိုလ်ကျောင်းသားဟောင်းများအဖွဲ့က ကန့်ကွက် ရှုံ့ချလိုက်ပါတယ်။ မနေ့ကနေ့စွဲနဲ့ ကြေငြာချက်ထုတ်ပြန် ကန့်ကွက်လိုက်တာ ဖြစ်ပါတယ်။ ဒီအကြောင်းကို အဖွဲ့ဝင်တဦးက အခုလို ပြောပြပါတယ်။ ဘာကြောင့်ခုလို ကြေညာချက်ထုတ်ပြန်တာလဲဆိုတော့ ဒီကနေ့ ပြည်သူတရပ်လုံးက တွေ့ကြုံခံစားနေရတဲ့ အကြပ်အတည်းအခက်အခဲများကို ဖြေရှင်းပေးဖို့ သံဃာတော်တို့က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆန္ဒထုတ်ဖော်ရာမှာ အာဏာပိုင်တို့က အပြင်းအထန် အကြမ်းဖက်နှိပ်ကွက်ခဲ့တာကို ကျနော်တို့ တွေ့ရတယ်။ သံဃာတော်တွေရဲ့ တောင်းဆိုချက်တွေကို ငြိမ်းချမ်းတဲ့နည်းဖြင့် ပြေလည်စေတဲ့ အဖြေတခုကိုရဖို့ ကျနော်တို့ အဓိကလိုလားတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ တကယ်လို့သာ အာဏာပိုင်တွေက သံဃာတော်တွေရဲ့ တောင်းဆိုချက်များကို လုံးဝမလိုက်လျောပဲနဲ့ဆက်ပြီးတော့ အကြမ်းနည်းနဲ့သုံးသွားမယ်ဆိုရင် ကျနော်တို့ ကျောင်းသားဟောင်းများအနေနဲ့ သံဃာတော်ထုနဲ့အတူ ပူးပေါင်းပါဝင်ဖို့ အသင့်ပါပဲ။ အဲဒါအပြင် ပြည်သူလူထုတွေလည်းပါဝင်ပူးပေါင်းလာအောင် ကြိုးစားဆောင်ရွက်ဖို့ ဆုံးဖြတ်ထားပါတယ်။

> **ဒီကနေ့ ပြည်သူ တရပ် လုံးက တွေ့ကြုံခံစားနေရတဲ့ အကြပ်အတည်းအခက်အခဲများကို ဖြေရှင်းပေးဖို့ သံဃာတော်တို့က ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဆန္ဒထုတ်ဖော်ရာမှာ အာဏာပိုင်တို့က အပြင်းအထန် အကြမ်းဖက်နှိပ်ကွက်ခဲ့တာကို ကျနော်တို့ တွေ့ရတယ်။**

ကျနော်တို့ ထုတ်ပြန်တဲ့ကြေညာချက်ဟာ ရှင်းပါတယ်။ အဓိက က အစိုးရဟာ ပြည်သူလူထုတွေရဲ့ ခံစားချက်ကို လုံးဝ ဂရုမစိုက်ပဲ ကိုယ်လုပ်သလိုသာ လူထုကခံရမယ် လိုက်နာရမယ်ဆိုတဲ့အမြင်နဲ့ အကြမ်းဖက်နှိပ်ကွက်နေတာကို ကျနော်တို့လက်ပိုက် ကြည့်မနေနိုင်တာကြောင့်ရယ် သံဃာတော်တွေရဲ့ လုပ်ရပ်ဟာ မှန်ကန်တဲ့အကြောင်း ထောက်ပြလိုက်ခြင်း ဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် ဒီ ကြေညာချက်ကို ထုတ်ပြန်လိုက်ရခြင်း ဖြစ်ပါတယ်။ မော်လမြိုင် တက္ကသိုလ် ကျောင်းသားဟောင်းများအဖွဲ့ရဲ့ထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး အဖွဲ့ဝင်တဦး ပြောပြသွားတာဖြစ်ပါတယ်။ လက်ရှိလူထုကြုံတွေ့နေရတဲ့ အကြပ်အတည်းတွေကို ကူညီဆောင်ရွက်ပေးဖို့ မော်လမြိုင် တက္ကသိုလ်ကျောင်းသားဟောင်းများအဖွဲ့ကို မကြာခင်ကပဲ ပြန်လည်ဖွဲ့စည်းခဲ့တာလို့လဲ သူက ပြောပြသွားပါတယ်။ ■

---

## စစ်အစိုးရကို တော်လှန်ဖို့ ပန်ကြားစာတွေ ရန်ကုန်မှာ ဖြန့်ဝေနေပြီ

ဗွီအိုအေ ၊ ၁၄ ၊ စက်တဘ်ာ ၊ ၂၀၀၇

"နိုင်ငံတော်အနာဂတ် ကျောင်းသားလူငယ်များသို့ ပန်ကြားနှိုးဆော်လွှာ" အမည်ရှိ လှုံ့ဆော်စာတွေကို မလွှကုန်းဘူတာနဲ့ တာမွေအဝိုင်းထိပ် ဘက်မှာ ဒီနေ့ ထပ်မံကြဲတယ်လို့ မြင်တွေ့ရရှိသူတဦးက ပြောပါတယ်။

"တိုင်းပြည်ရဲ့ စီးပွားရေး၊ ပညာရေး၊ သာသနာရေးကို ချွတ်ခြုံကျပျက်စီးအောင် ပြုလုပ်နေတဲ့ အာဏာရှင်စစ်အစိုးရကို တော်လှန်ကြစို့" လို့ အဲဒီစာနောက်ဆုံးပိုဒ်မှာ ရေးသား ထားကြောင်း ကိုယ်တိုင်ဖတ်ရှုရသူတဦးက ပြောပြပါတယ်။

"အရင်တုန်းက ကျောင်းသားတွေက မဟုတ်မခံစိတ်၊ ခေါင်းငုံ့မခံချင်စိတ်နဲ့ပဲ သူတို့တော်လှန်ခဲ့ကြတယ်။ အမှန်တရားဘက်ကပေါ့။ အဲဒီအစဉ်အဆက်ကို ထိန်းသိမ်းထားပါ။ ပျောက်ပျက်အောင် မလုပ်လိုက်ကြပါနဲ့" လို့လည်း အဲဒီနှိုးဆော်ချက်မှာ ပါရှိပါတယ်။

အလားတူစာတွေကိုမနေ့ကလည်း သဃ်န်းကျွန်းဘူတာ၊ စံပြဈေး၊ ဒေါပုံမြို့နယ်နဲ့ သာကေတမြို့ (၂) ရပ်ကွက်ဈေးအနီးတို့မှာ ကြဲခဲ့တယ်လို့ စုံစမ်းသိရှိရပါတယ်။ ဒီစာတွေကို ဘယ်သူတွေက ဖြန့်နေတယ်ဆိုတာကိုမသိရပေမယ့် အစိုးရဆန့်ကျင်စာဖြန့်ဝေမှုတွေ ရန်ကုန်မြို့နေရာအနှံ့မှာ ဖြစ်ပွားနေပါတယ်။ ■

---

## သာသနာ့အရေးတွင် ပြည်သူတို့ ပူးပေါင်းပါဝင်ရန် ကဗျာဆရာများ တိုက်တွန်း

ဒီဗွီဘီ ၊ ၁၄ ၊ စက်တဘ်ာ ၊ ၂၀၀၇

သံဃာတော်များကို စစ်တပ်က ကိုယ်ထိလက်ရောက်စော်ကားတဲ့လုပ်ရပ်ဟာ ဗုဒ္ဓကို ကျူးလွန်တာပဲဖြစ်တဲ့အတွက် ရေငုံနှုတ်ပိတ်မနေကြဘဲ နိုင်ငံအရေး၊ သာသနာ့အရေး တောင်းဆို ဆန္ဒပြပွဲတွေမှာ ပြည်သူတရပ်လုံးပူးပေါင်းပါဝင်ဖို့ မြန်မာနိုင်ငံကဗျာဆရာတွေက တိုက်တွန်းနှိုးဆော်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိအခြေအနေတွေနဲ့ပတ်သက်လို့ မြန်မာနိုင်ငံကဗျာဆရာတွေက စက်တင်ဘာ (၁၂) ရက်စွဲနဲ့ ထုတ်ပြန်တဲ့ အရေးပေါ်ကြေညာချက်နဲ့ နှိုးဆော်တာဖြစ်ပါတယ်။ အခုလဆန်း (၅) ရက်နေ့ ပခုက္ကူမြို့မှာ သံဃာတော်တွေ ငြိမ်းချမ်းစွာဆန္ဒပြတာကို စစ်တပ်က အကြမ်းဖက်နှိမ်နင်းပြီး သံဃာတော်တချို့ကို ကြိုးတုပ်ရိုက်နှက်တဲ့လုပ်ရပ်ဟာ ဗုဒ္ဓဘုရားကိုကျူးလွန်တာနဲ့ အတူတူဖြစ်တယ်လို့ ဒီကြေညာချက်မှာ ဖော်ပြထားပါတယ်။

အဲဒီလုပ်ရပ်ကို ပြည်သူတရပ်လုံးက ရေငုံနှုတ်ပိတ်မနေသင့်ဘဲ နိုင်ငံတွင်းမှာဆက်လက်ဖြစ်ပွားလာမယ့်နိုင်ငံအရေး၊ လူ့အခွင့်အရေး၊ သာသနာ့အရေးစတဲ့ တောင်းဆိုဆန္ဒပြပွဲတွေမှာ လူထုလူတန်းစား အလွှာအသီးသီးက ပူးပေါင်းပါဝင်ကြဖို့လိုတယ်လို့ ကဗျာဆရာများက တိုက်တွန်းပါတယ်။ သာသနာကြီးကို တိုက်ရိုက်ထိပါးစော်ကားခံနေရတာဖြစ်တဲ့အတွက် အရေးပေါ်ကြေညာချက် ထုတ်ပြန်ရတာဖြစ်တယ်လို့ စာပေစိစစ်ရေးက ကလောင်နာမည်ပိတ်ပင်ထားတာခံနေရတဲ့ ကဗျာဆရာစံသိုက် က ရှင်းပြပါတယ်။

> **ပြည်သူတရပ်လုံးက ရေငုံနှုတ်ပိတ်မနေသင့်ဘဲ နိုင်ငံတွင်းမှာ ဆက်လက်ဖြစ်ပွား လာမယ့် နိုင်ငံအရေး၊ လူ့အခွင့်အရေး၊ သာသနာ့အရေးစတဲ့ တောင်းဆိုဆန္ဒပြပွဲတွေမှာ လူထု လူတန်းစား အလွှာအသီးသီးက ပူးပေါင်းပါဝင်ကြဖို့လိုတယ်လို့**

"သာသနာက ကျနော်တို့တိုင်းပြည်မှာ အသက်ပဲလေ။ သာသနာကို အခုလို ထိပါးပုတ်ခတ်စော်ကား နေတဲ့အခါကျတော့ ကျနော်တို့ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတွေအနေနဲ့ ဘယ်လိုမှသီးခံနိုင်တဲ့အကြောင်း မရှိဘူး။ ကျနော်တို့ကအားလုံးကို မှန်တဲ့ဘက်ကရပ်တည်ပြီးတော့ လှုပ်ရှားဖို့နှိုးဆော်ချင်တာပါ။"

အရေးပေါင်းစုံတိုက်ပွဲတွေမှာ ပြည်သူလူထုနဲ့အတူ ကဗျာဆရာတွေကလည်း ငြိမ်းချမ်းတဲ့နည်းလမ်းနဲ့ တက်တက်ကြွကြွ ပူးပေါင်း

ပါဝင်သွားမယ်လို့ ရန်ကုန်မြို့က လူငယ်ကဗျာဆရာတဦးက ပြောပါ တယ်။

"ပြည်သူထဲကပေါက်ဖွားလာတဲ့ ကဗျာဆရာတွေဖြစ်တဲ့အတွက် ကျနော်တို့က ပြည်သူတွေပါပဲ။ အဲဒီတော့ ပြည်သူလူထုအတွင်းမှာ ကျနော်တို့က ထဲထဲဝင်ဝင်ရောနှောပါဝင်ပြီးတော့ နည်းလမ်းပေါင်းစုံ တိုက်ပွဲတွေမှာ ငြိမ်းချမ်းစွာ တက်ကြွသောနည်းလမ်းနဲ့ ပါဝင်ဆင်နွှဲလုပ်ဆောင်သွားမှာပါ။"

အထွေထွေအကျပ်အတည်းကို ပြည်သူလူထုတွေနဲ့အတူ တသားတည်းခံစားနေရတဲ့ကဗျာဆရာတွေဟာ စာပေစိစစ်ရေးက စာမူတွေကို တင်းတင်းကျပ်ကျပ်ဖြုတ်ပယ်တဲ့ဒုက္ခကိုပါ ခံစားနေရပါတယ်။ ပြီးခဲ့တဲ့ ရက်ပိုင်းမှာလည်း နာမည်ကျော် ရုပ်ရှင်သရုပ်ဆောင်တွေ၊ ဒါရိုက်တာတွေနဲ့ နာမည်ကြီး စာရေးဆရာတွေကလည်း ငြိမ်းချမ်းစွာဆန္ဒပြနေသူတွေကို နအဖစစ်တပ်က အကြမ်းဖက်နှိမ်နင်းမှုတွေ ဆက်မလုပ်ဖို့ တိုက်တွန်းပြောဆိုခဲ့ကြပါတယ်။ ■

## ဝန်ထမ်းတွေ ဆန္ဒမပြဖို့ သတိပေးပိတ်ပင်

ဒီဗွီဘီ ၊ ၁၄ ၊ စက်တင်ဘာ ၊ ၂၀၀၇

သံဃာတော်တွေက လာမယ့် (၁၇) ရက်မှာ သပိတ်မှောက်ကံဆောင်ပွဲတွေပြုလုပ်မယ်လို့ ကြေညာထားအပြီး ဝန်ထမ်းတွေကို ဝန်ကြီးဌာနတွေမှာ ခြိမ်းခြောက်သတိပေးနေပါတယ်။ ဆန္ဒပြပွဲမှာမပါဖို့နဲ့ ပါခဲ့ရင် တဌာနလုံးအလုပ်ဖြုတ်ပစ်မယ်လို့ ညွှန်ချုပ်တွေက သက်ဆိုင်ရာဝန်ထမ်းတွေကို အစည်းအဝေးခေါ်ယူသတိပေးနေကြောင်း ရန်ကုန်ဝန်ထမ်းတဦးက ပြောပြပါတယ်။

ဒီနေ့ အစည်းအဝေးလုပ်ခဲ့တဲ့ ဝန်ကြီးဌာနတွေရှိသလို မနက်ဖြန်အရေးပေါ်အစည်းအဝေးခေါ်ထားတဲ့ ဝန်ကြီးဌာနတွေလည်း ရှိနေတယ်လို့ တခြားဝန်ထမ်းတွေကလည်း ပြောပါတယ်။ ရုံးတကရုံးဆင်းချိန်တွေမှာ ဝန်ထမ်းတိုင်း အင်္ကျီအဖြူ ပင်နီအင်္ကျီတွေ လုံးဝမဝတ်ကြဘို့ကိုလည်း ညွှန်မှူးတွေက အစည်းအဝေးခေါ်ပြီး ပြောဆိုမှာကြားထားတယ်လို့လည်း အဆိုပါဝန်ထမ်းက ပြောပါတယ်။ ■

## ဝါးခယ်မမြို့မှာ သံဃာတော်နဲ့ ဒကာ ဒကာမများကို နှောက်ယှက်ခြိမ်းခြောက်

ဒီဗွီဘီ ၊ ၁၄ ၊ စက်တင်ဘာ ၊ ၂၀၀၇

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်တွေရဲ့ အာဇာနည်နေ့ ဆွမ်းကပ်ပွဲကို လက်ခံကျင်းပပေးခဲ့တဲ့ ဝါးခယ်မမြို့က ဘုန်းတော်ကြီးကျောင်းတကျောင်းကို အာဏာပိုင်တွေက ဆက်တိုက်ဖိအားပေး နှောက်ယှက်နေပါတယ်။ ဝါးခယ်မအဖွဲ့ချုပ်ကပြုလုပ်တဲ့ ဇူလိုင် (၁၉) ရက် အာဇာနည်နေ့ အထိမ်းအမှတ် ဆွမ်းဆက်ကပ်လှူဒါန်းတာကို လက်ခံခဲ့တဲ့ ဝါးခယ်မမြို့ မန္တလေးကျောင်းတိုက်ရဲ့ လုပ်လက်စလုပ်ငန်းတွေ အပြီးမသတ်နိုင်အောင် အာဏာပိုင်တွေက နှောက်ယှက် နေတယ်လို့ ကျောင်းထိုင်ဆရာတော် ဦးသုမင်္ဂလက အသိပေးမိန့်ကြားပါတယ်။

> **"ဘယ့်နှယ် ဒကာမကြီးရယ်၊ ဘုန်းကြီးတောင်မှ အခွင့်အရေးဆုံးရှုံးနေတယ်။ ဦးဇင်းမှာဘာလုပ်လို့လဲ။ ... ဘုန်းကြီးဆိုတာ ဒကာဒကာမ လှူမှတန်းမှ စားရတာ။ ဆွမ်းပို့တဲ့ ဒကာဒကာမတွေ မလာရဲဘူး။"**

အခုလ (၈) ရက်မှာ ကျင်းပတဲ့ ဆရာတော်ရဲ့ သက်တော် (၅၈) နှစ်ပြည့်မွေးနေ့အလှူမှာကြွရောက်လာတဲ့ သံဃာတော်တွေနဲ့ ဒကာဒကာမတွေ အပါအဝင် ချက်ပြုတ်လုပ်ကိုင်သူတွေကို အာဏာပိုင်တွေက အမည်စာရင်းကောက်ယူပြီး ခြောက်လှန့်ခဲ့တယ်လို့ ဆရာတော်က မိန့်ကြားပါတယ်။

"နှစ်တိုင်းလုပ်တဲ့မွေးနေ့ကို ကြွလာတဲ့သံဃာတွေကို အကုန်လုံးစာရင်းတွေကောက်၊ လာတဲ့ဒကာ ဒကာမတွေကို စာရင်းတွေကောက်၊ နောက်ဆုံး ဘယ်လောက်ဆိုးလဲဆိုရင် ဦးဇင်းကျောင်းက အုန်းနို့ခေါက်ဆွဲကျွေးတာ၊ ဟင်းရည်ချက်တဲ့လူရဲ့စာရင်းတောင်မှ နာမည်လာမေးတယ်။"

အာဏာပိုင်တွေရဲ့ ဖိအားပေးမှုကြောင့် ဒကာဒကာမတွေဟာ ဘုန်းကြီးကျောင်းကို မလာရဲကြတော့တဲ့အတွက် ဆွမ်းကွမ်းအခက်တွေ့နေရတယ်လို့ ဆရာတော်က မိန့်ပါတယ်။

"ဘယ့်နှယ် ဒကာမကြီးရယ်၊ ဘုန်းကြီးတောင်မှ အခွင့်အရေးဆုံးရှုံးနေတယ်။ ဦးဇင်းမှာဘာလုပ်လို့လဲ။ ... ဘုန်းကြီးဆိုတာ ဒကာဒကာမ လှူမှတန်းမှ စားရတာ။ ဆွမ်းပို့တဲ့ ဒကာဒကာမတွေ မလာရဲဘူး။"

ဆောက်လက်စသိမ်အဆောက်အဦနဲ့ပတ်သက်တဲ့ ငွေကြေးကိုလည်း မြို့နယ်မယကရုံးက မေးမြန်းစုံစမ်းတဲ့အပြင် အလှူရှင်ဒကာများကိုပါ ကျောင်းမလာရဲအောင် မေးမြန်းနှောင့်ယှက်နေတာကြောင့် ဆက်လက်မဆောက်လုပ်နိုင်ဘဲ ဖြစ်နေရတယ်လို့ ဆရာတော်က ရှင်းပြမိန့်ကြားပါတယ်။

"သိမ်ဆောက်တဲ့ ဒကာဒကာမကို ဒီပိုက်ဆံ ဘယ်ကရသလဲဆိုတာ မေးတဲ့ဥစ္စာ၊ မေးတာတော့ ဘယ်လာကောင်းမလဲ။" ဘာသာ သာသနာကို ဆက်လက်ထိပါးလုပ်ဆောင်တဲ့ပုဂ္ဂိုလ်တွေကို စာရင်းကောက်ပြီး သူတို့ရဲ့သာရေး နာရေးကိစ္စတွေမှာ မဆောင်ရွက်ပေးဖို့ သံဃာထုအကြား ညှိနှိုင်းထားပြီးဖြစ်တယ်လို့ ဆရာတော် ဦးသုမင်္ဂလက မိန့်ကြားပါတယ်။

"နိုင်ငံရေးလည်း နားမလည်ပါဘူး။ ပြောလည်းမပြောချင်ဘူး၊ လုပ်လည်းမလုပ်ချင်ဘူး။ အခု ပြောရတယ်ဆိုတဲ့ဥစ္စာကလည်း ထိခိုက်လွန်းလို့၊ လူမှုရေးတင် ထိခိုက်တာမဟုတ်ဘူး ဘာသာရေး သာသနာရေးပါ ထိခိုက်လွန်းလို့ ဦးဇင်းပြောရတာ။" ■

## ပုလိပ်မြို့တွင် ကလေးငယ်များကို စစ်တပ်မှ ဖမ်းဆီးနေ

ဒီဗွီဘီ ၊ ၁၄ ၊ စက်တင်ဘာ ၊ ၂၀၀၇

မန္တလေးတိုင်း ပုလိပ်မြို့မှာ တလကြာကျင်းပတဲ့ မြေဘုရားပွဲကာလအတွင်း ကလေးသူငယ်အချို့ကို အစိုးရစစ်တပ်က အဓမ္မခေါ်ဆောင်သွားတယ်လို့ ပုလိပ်မြို့ဒေသခံတဦးက ပြောပါတယ်။

တပ်မ (၉၉) လက်အောက်ခံ ခြေမြန်တပ်ရင်း (၁၄) က ခေါ်ဆောင်သွားတာဖြစ်တယ်လို့ ပြောပါတယ်။ ကလေးငယ်တွေဟာ အသက် (၁၀) နှစ်နဲ့ (၁၅) နှစ်အကြားသာရှိကြသေးပေမယ့် အရက်သေစာသောက်စားတတ်တာကြောင့် စစ်သားတွေက သူတို့နဲ့အတူ ဝိုင်းဖွဲ့ရောနှောသောက်စားပြီး ကလေးတွေမူးတဲ့အခါမှာ မော်တော်ဆိုင်ကယ်နဲ့ တင်ဆောင်သွားတာလို့ ဒေသခံက ပြောပြပါတယ်။ ဘုရားပွဲမှာ ဇာတ်ပွဲကြည့်တဲ့ကလေးငယ်တွေ ဇာတ်ရုံအပြင်ထွက်ပြီး အပေါ့အပါးသွားတဲ့အခါမှာ အလစ်စောင့်နေတဲ့ စစ်သားတွေက ဝင်ရောက်ဆွဲခေါ်လေ့ရှိတယ်လို့လည်း ရှင်းပြပါတယ်။

အနီးအနားကျေးရွာတွေက ကလေးဘယ်နှစ်ယောက် စစ်တပ်ထဲသွတ်သွင်းခံရတယ်ဆိုတာမသိရပေမယ့် ပုလိပ်မြို့ပေါ်က ခေါ်ဆောင်ခံရတဲ့ကလေး (၄) ယောက်ထဲကတယောက် ထွက်ပြေးလွတ်မြောက်ခဲ့ပြီး (၃) ယောက်ကတော့ မိဘတွေကငွေပေးမှ ပြန်လွတ်လာတယ်လို့ သူကပြောပြပါတယ်။ ပြန်ရောက်မလာဘဲ ပျောက်ဆုံးနေဆဲဖြစ်တဲ့ကလေးတွေဟာ တပ်သားသစ်စုဆောင်းဖို့အတွက် ခေါ်ဆောင်ခံရတာဖြစ်နိုင်ကြောင်း ဒေသခံများက ထင်မြင်ယူဆနေပါတယ်။ ■

# န အ ဖ ထောက်ခံမှုရပ်ဆိုင်းရန် တရုတ်အစိုးရကို ကမ်ပိန်းလုပ်မည်

ဒီဗွီဘီ ၊ ၁၄ ၊ စက်တဘ်ာ ၊ ၂၀၀၇

တရုတ်အစိုးရကနေ မြန်မာအစိုးရကို စီးပွားရေး၊ နိုင်ငံရေးအရ ထောက်ခံအားပေးနေတာတွေရပ်ဆိုင်းဖို့အတွက် အမေရိကန်ပြည်ထောင်စုအခြေစိုက် (US Cmpaign For Burma) အဖွဲ့က ကမ္ဘာလုံးဆိုင်ရာ လှုပ်ရှားမှုတွေကိုစတင်တော့မဲ့အကြောင်း ဒီကနေ့ သတင်းထုတ်ပြန်ထားပါတယ်။ စက်တင်ဘာ (၁၈) ရက်နေ့မှာ ဒီလှုပ်ရှားမှုတွေကို စတင်မှာဖြစ်ပြီး အမေရိကန်ပြည်ထောင်စုအပါအဝင် ကမ္ဘာ့နေရာအနှံ့မှာရှိတဲ့ တရုတ် သံရုံးတွေရှေ့မှာ ဆန္ဒပြပွဲတွေတပြိုင်တည်း ပြုလုပ်သွားမှာဖြစ်ပါတယ်။ဒီလှုပ်ရှားမှုတွေအကြောင်း အသေးစိတ်သိရှိနိုင်ဖို့အတွက် US Cmpaign For Burma အဖွဲ့မှ မူဝါဒရေးရာညွှန်ကြားရေးမှူး ဦးအောင်ဒင်ကို မေးထားပါတယ်။

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့၊ ဦးအောင်ဒင်ရှင့်၊ ဒီလှုပ်ရှားမှုတွေကို ဘာ့ကြောင့် စက်တင်ဘာ (၁၈) မှာ စဖို့ ရွေးချယ်တာပါလဲ။

> **ဒီ(၁၉)နှစ် သက်တမ်းအတွင်းမှာ မြန်မာပြည်သူလူထုက နအဖ စစ်အုပ်စုကို နည်းမျိုးစုံနဲ့ ဆန့်ကျင်နေကြတယ်လေ။ (၁၉) နှစ်တာ ရပ်တည်နိုင်ခဲ့တဲ့ဟာကို ကြည့်တဲ့အခါကျတော့ တရုတ်ရဲ့ ထောက်ခံအားပေးမှုကို သွားတွေ့ရတယ်။ တရုတ်အစိုးရက မြန်မာ နအဖ စစ်အုပ်စုအပေါ်မှာ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘက်ပေါင်းစုံကနေပြီးတော့ အားပေးတယ်။**

လာမယ့် စက်တင်ဘာ (၁၈) ရက်နေ့မှာဗျာ၊ နအဖ စစ်အစိုးရက အာဏာရယူထားတာ (၁၉) နှစ်ပြည့်ပြီ။ ဒီ (၁၉)နှစ် သက်တမ်းအတွင်းမှာ မြန်မာပြည် သူ လူ ထု က နအဖ စစ်အုပ်စုကို နည်းမျိုးစုံနဲ့ ဆန့်ကျင်နေကြတယ်လေ။ (၁၉) နှစ်တာ ရပ်တည်နိုင်ခံတဲ့ဟာကို ကြည့်တဲ့အခါကျတော့ တရုတ်ရဲ့ ထောက်ခံအားပေးမှုကို သွားတွေ့ရတယ်။ တရုတ်အစိုးရက မြန်မာ နအဖ စစ်အုပ်စုအပေါ်မှာ စစ်ရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ဘက်ပေါင်းစုံကနေပြီးတော့ အားပေးတယ်။ ဥပမာ လက်နက်တွေ ဒေါ်လာသန်းထောင်ပေါင်းများစွာ တန်ဖိုးရှိတဲ့လက်နက်တွေ ရောင်းချပြီးတော့ နအဖ စစ်တပ်ကြီးကို အင်အားဖြည့်တင်းနေတယ်။ နိုင်ငံတကာမှာလဲ နိုင်ငံတကာအစိုးရတွေက နအဖ စစ်အုပ်စုကို ဖိအားပေးအရေးယူနေတဲ့အချိန်မှာ နအဖဖက်က ရပ်တည်ကာကွယ်ပြီးတော့ ဖိအားတွေကို လျော့ကျစေခဲ့တယ်။ အဲ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာတောင်မှ တရုတ်အစိုးရက ဗီတိုအာဏာသုံးပြီးတော့ ပယ်ချခဲ့တယ်။ ဆိုတော့ ဒီလောက် နအဖစစ်အုပ်စု (၁၉)နှစ်တာ ရပ်တည်နိုင်ခဲ့တဲ့ အဓိက အကြောင်းအရင်းက တရုတ်အစိုးရ ဖြစ်နေတယ်။ ကမ္ဘာ တဝှမ်းမှာရှိတဲ့ တရုတ်အစိုးရရဲ့ သံရုံးတွေ ကောင်စစ်ဝန်ရုံးတွေ ရှေ့မှာဆန္ဒပြပွဲတွေစမယ်။

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ ပြီးခဲ့တဲ့ အေးပက် အစည်းအဝေးမှာ မြန်မာနိုင်ငံကအခြေအနေတွေကို နိုင်ငံတကာက ဝင်ရောက်ဖြေရှင်းမယ်ဆိုရင် သူတို့အနေနဲ့ ကြိုဆိုပါတယ်လို့ တရုတ်အစိုးရက ပြောခဲ့တာကို ကျမတို့ ကြားရပါတယ်။

ဒီဗွီဘီ ။ ။ဒါဟာ တရုတ်အစိုးရဖက်က သဘောထားပြောင်းလာတာလို့ မယူဆနိုင်ဘူးလားရှင့်။

အဲလို ယူဆလို့မရဘူးဗျ။ ဒီစကားမျိုးက အရင်က ဇန်နဝါရီ (၁၂) ရက်နေ့ လုံခြုံရေးကောင်စီအစည်းအဝေးမှာလဲ တရုတ်သံအမတ်က အဲဒီလိုပဲ ပြောခဲ့တာပဲ။ ဒါပေမဲ့လက်တွေ့မှာကျတော့ မဟုတ်ဘူးလေ။ ဇန်နဝါရီ (၁၂) ရက်နေ့က တရုတ်သံအမတ်က လုံခြုံရေးကောင်စီအစည်းအဝေးမှာ ပြောခဲ့တာ သူတို့အနေနဲ့လုံခြုံရေးကောင်စီကို မြန်မာ့အရေး ဖြေရှင်းမဲ့နေရာလို့ မသတ်မှတ်ဘူး။ မယုံကြည်ဘူး။ သို့သော်လဲ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ ပါဝင်ပတ်သက်မှုကို အားပေးတယ်။ ထောက်ခံတယ်လို့ ပြောတယ်။ ဒါပေမဲ့ အခုအချိန်အထိဗျာ မြန်မာနိုင်ငံအတွင်းမှာ ခတ်ဆီဈေးနှုန်းတက်တာကို အကြောင်းပြုပြီးတော့ ငြိမ်းချမ်းစွာဆန္ဒပြပွဲတွေ ဆက်တိုက်ဖြစ်ပေါ်တယ်။ နအဖက အကြမ်းဖက်ပြီးတော့ ဖြိုခွဲတယ်။ လူတွေ (၂၀၀)နီးပါးကို ဖမ်းဆီးထိန်းသိမ်းထားတယ်။ ဗုဒ္ဓသံဃာတော်တွေကို ရက်ရက်စက်စက် ညှဉ်းပန်းရိုက်နှက်တယ်။ အရပ်သားလူမိုက်တွေနဲ့ ခြိမ်းခြောက်နေတယ်။ ဒီလို အနေအထားမျိုးမှာ ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေး နိုင်ငံရေး အကျဉ်းသားတွေ လွတ်မြောက်ရေး ဒီလို အကြမ်းဖက်မှုတွေ ရပ်တန့်ရေး၊ နောက် အခုတခါ လက်ရှိဖမ်းဆီးထားတဲ့လူတွေကို ပြည်လည်လွှတ်ပေးဖို့အတွက် တကမ္ဘာလုံးက တောင်းဆိုနေကြတယ်ဗျာ။ တရုတ်အစိုးရက အခုအချိန်အထိ ရေငုံနှုတ်ပိတ်နေတယ်။ လုံးဝမပြောဘူး။ ဒီလိုအနေအထားမျိုးမှာ တဖက်ကတော့ အပြောရှိတယ်။ လက်တွေ့မှာကျတော့ နိုင်ငံတကာမိသားစုနဲ့ ပူးပေါင်းဆောင်ရွက်တာ ကျနော်တို့ မတွေ့သေးဘူးဗျ။

ဒီဗွီဘီ ။ ။ ဟုတ်ကဲ့ ဒါဆိုရင် တရုတ်အစိုးရနဲ့ပတ်သက်ပြီး US Cmpaign ရဲ့ အဓိက တောင်းဆိုချက်က ဘာပါလဲ။

တစ်အချက်က တရုတ်အစိုးရအနေနဲ့ နအဖ စစ်အုပ်စုကို စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး ထောက်ခံအားပေးမှုတွေ ရပ်တန်းက ရပ်ဖို့လိုတယ်။ နှစ်အချက်က ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် တာဝန်ပေးထားပြီ မြန်မာ့အရေးထိထိရောက်ရောက်ဖြေရှင်းဖို့ အဲလို ထိရောက်စွာဖြေရှင်းဖို့ဆိုတဲ့နေရာမှာ အဓိက တောင်းဆိုချက်က ဘာလဲဆိုတော့ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားတွေ ချက်ခြင်းလွတ်မြောက်ရမယ်။ ပြီးလို့ရှိရင် မြန်မာနိုင်ငံအတွင်းမှာ တွေ့ဆုံဆွေးနွေးရေးတွေ ဖြစ်ပေါ်ပြီးတော့ နိုင်ငံရေးပြဿနာကို ငြိမ်းချမ်းစွာ အဖြေရှာရမယ်၊ စသဖြင့် အဓိကကျတဲ့ နိုင်ငံတကာမိသားစုကြီးရဲ့ တောင်းဆိုချက်တွေပါ။ အဲဒီ နိုင်ငံတကာမိသားစုကြီးရဲ့ တောင်းဆိုချက်တွေ ဖြစ်မြောက်ရေးအတွက် တရုတ်အစိုးရ က အမေရိကန်၊ အီးယူ၊ အာဆီယံစတဲ့နိုင်ငံများနဲ့ လက်တွဲပြီးတော့ ထောက်ခံသွားဖို့ လိုပါတယ်။ ဒါကြောင့်မို့လို အဓိက တောင်းဆိုချက်တရပ်ကတော့ တရုတ်အစိုးရနေနဲ့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာ့အရေး ဝင်ရောက်ဖြေရှင်း ကြိုးစားအားထုတ်မှုတွေကို ယုံယုံကြည်ကြည်နဲ့ အားပေးထောက်ခံကူညီဖို့ ဒါ အဓိကကျတဲ့ အချက်တချက်ဖြစ်ပါတယ်။ ■

# မြန်မာနိုင်ငံမှာ ဒီမိုကရေစီရေးဖေါ်ဆောင်ဖို့ တရုတ်အစိုးရက န အ ဖ အား တိုက်တွန်း

ဗွီအိုအေ ၊ ၁၄ ၊ စက်တဘ်ာ ၊ ၂၀၀၇

မြန်မာပြည် ဒီမိုကရေစီဖော်ဆောင်ရေးကိစ္စကို တရုတ်အစိုးရအနေနဲ့ လေးလေးနက်နက် မျှော်လင့်ကြောင်းတရုတ်အစိုးရ အဆင့်မြင့်အရာရှိကြီးတစ်ဦးက တိုက်တွန်းပြောကြားလိုက်ပါတယ်။ တရုတ်နိုင်ငံကို အလည်အပတ်ရောက်ရှိနေတဲ့ မြန်မာစစ်အစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့ ဘေဂျင်းမြို့မှာ မနေ့က တွေ့ဆုံစဉ်က တရုတ်နိုင်ငံတော်ကောင်စီဝင်တန်ဂျား ရွှမ်န် (Tang Jiaxuan) က အခုလိုပြောလိုက်တာပါ။

မြန်မာစစ်အစိုးရက လောင်စာဆီဈေးနှုန်းတွေ တိုးမြင့်လိုက်တဲ့အပေါ် လူထုမကျေနပ်မှုတွေကနေ လမ်းမတွေပေါ်မှာ ငြိမ်းချမ်းစွာဆန္ဒပြကြသူတွေကို အာဏာပိုင်တွေဖက်က မတရားသဖြင့် နှိမ်နင်းဖမ်းဆီးမှုတွေ လုပ်ဆောင်နေတာတွေကို အမြန်ဆုံးဖြေရှင်းဖို့ နိုင်ငံတကာက ဖိအားတွေပေးနေတဲ့အချိန်မှာ မြန်မာစစ်အစိုးရနဲ့ အနီးစပ်ဆုံးလို့ပြောရမယ့် တရုတ်အစိုးရက အခုလို တိုက်တွန်းပြောဆိုလိုက်တာပါ။

မြန်မာနိုင်ငံအတွင်း နိုင်ငံရေးအရ မတည်ငြိမ်မှုတွေဖြစ်နေတဲ့အပေါ် တရုတ်အစိုးရဖက်ကလည်း စိုးရိမ်ပူပန်လာနေပုံရပါတယ်။ ဒါကြောင့်လည်း တရုတ်နိုင်ငံတော်ကောင်စီဝင် တန်ဂျားရွှမ်န် က မြန်မာနိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းနဲ့တွေ့တဲ့အခါမှာ မြန်မာစစ်အစိုးရအနေနဲ့ သင့်လျော်တဲ့နည်းလမ်းကိုရွေးပြီး ဒီမိုကရေစီအရေးကို ရှေ့တိုးဖော်ဆောင်သွားဖို့ တိုက်တွန်းပြောဆိုလိုက်တာပါ။

> **တရုတ်ပြည်ကို လာတဲ့ရည်ရွယ်ချက်တွေမှာ ခါတိုင်းလည်း သူက ဒီလိုပါပဲ၊ ပြည်တွင်းကို ပြချင်လို့ သူက – ငါ့မှာ အားကိုး အားထားရှိတယ်ဆိုတာ ပြချင်လို့လာတာပါ။**

မြန်မာနိုင်ငံအတွင်း ဒီမိုကရေစီအရေးဖော်ဆောင်ဖို့ စစ်အစိုးရကို တရုတ်အစိုးရက အခုလို တိုက်တွန်းလုပ်ဆောင်လာတဲ့အပေါ် ဘေဂျင်းမြို့မှာ နေထိုင်တဲ့ မြန်မာ့အရေးလေ့လာသူ ဒေါ်လှကျော်ဇော်ကတော့ အခုလိုသုံးသပ် ပြပါတယ်။

"တရုတ်အစိုးရက အခု တဖြည်းဖြည်းတိုက်တွန်းလာတာ ရည်ရွယ်ချက်တော့ ရှိတယ်။ ဒီလိုဖြစ်တယ်၊ တရုတ်က ၂၀၀၈ ခုနှစ် သူတို့ဆီမှာ ကျင်းပမယ့် အိုလံပစ်ပွဲကို ကောင်းကောင်းမွန်မွန် ခမ်းခမ်းနားနား ကျင်းပချင်တာကိုး။ အဲဒါ အောင်အောင်မြင်မြင်ကျင်းပချင်တော့ အိမ်နီးနားချင်းတွေထဲမှာ အပိုမီးကွက်တွေမရှိအောင် သူက နည်းနည်းတိုက်တွန်းချင်တဲ့ သဘောထား ရှိပါတယ်။ အဲဒီအတွက် တွန်းတာပါ။ တွန်းတာက သူတို့ စိတ်ကြိုက်ဆိုရင်တော့ လိုက်နာမယ်၊ စိတ်မကြိုက်ဘူးဆိုရင်တော့ ဒီ နအဖက ပြောဖို့ကိုတော့ တော်တော်ခက်ပါတယ်။ သူတို့ တရုတ်ပြည်ကို လာတဲ့ရည်ရွယ်ချက်တွေမှာ ခါတိုင်းလည်း သူက ဒီလိုပါပဲ၊ ပြည်တွင်းကိုပြချင်လို့ သူက – ငါ့မှာ အားကိုးအားထားရှိတယ်ဆိုတာ ပြချင်လို့လာတာပါ။ တကယ့်တကယ် တရုတ်ပြောတိုင်းလည်း သူတို့လိုက်လုပ်တာတော့ မဟုတ်ပါဘူး။"

ဗွီအိုအေ။ ။တခြားရော ဘာတွေများ ဖြစ်နိုင်သေးလဲ အန်တီ။ –

"တခြားကတော့ တရုတ်ပြည်က သူ့အပေါ်မှာ အထင်အမြင် တစ်ခုခုဖြစ်မှာ စိုးတော့လည်း သူကပြေးလွှားပြီး လာပြောပြတာတွေလည်း ဖြစ်ချင်ဖြစ်မှာပေ့ါလေ။ နောက် သူတို့ ရှေ့မှာ ဘာလုပ်ထားပါတယ်၊ ညာလုပ်ထားပါတယ်၊ ဥပမာ – အမျိုးသားညီလာခံနဲ့ပတ်သက်လို့ ပြီးပါပြီ။ အဲဒီဟာကို ဘယ်လိုလုပ်မယ်လို့ အဲဒီဟာတွေလည်း လာပြောပြတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်။"

ဗွီအိုအေ။ ။တရုတ်အစိုးရရဲ့ အခုလိုတိုက်တွန်းချက်တွေက တကယ့်လက်တွေ့မှာရော ထိရောက်မှု ရှိပဲ့မလားခင်ဗျာ့၊ဘာဖြစ်လို့လဲဆိုတော့ အရင်ကလည်း ဒီလိုပဲ တရုတ်အစိုးရက မြန်မာအစိုးရကို ပြောင်းလဲမှုတွေလုပ်ဖို့ ပြောဆိုခဲ့ဖူးတာတွေရှိတယ်လေ။ ဥပမာ ဗိုလ်ချုပ်ခင်ညွန့် လက်ထက်တုန်းက တရုတ်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝုယီ မြန်မာပြည်သွားတုန်းကလည်း အခုလိုပဲ တိုက်တွန်းပြောဆိုခဲ့ဖူးတဲ့ သာဓက တွေ ရှိဘူးတယ်လေ။ –

"ကျမ အမြင်ကတော့နော်၊ ကျမ တစ်ဦးချင်းအမြင်ကတော့ နအဖ အနေနဲ့က တရုတ်အစိုးရကို အားကိုးအားထားရှိတာတော့ မှန်ပါတယ်။ ဒါပေမယ့် နအဖကို ပြုပြင်ပြောင်းလဲဖို့ဆိုရင် တရုတ်က ဘယ်လောက်ပြောပြော ဂရုစိုက်ချင်မှစိုက်မှာပါ။ သူ အဓိက ပြည်တွင်းက လူထုရဲ့အသံပဲ။ လူထုရဲ့အင်အားကိုပဲ သူကြောက်မှာပါ။ တရုတ်ပြောတာလည်း သူကလုပ်ချင်မှလုပ်မှာပါ။ သိပ်ပြီး အကျိုးရှိမယ်လို့ သိပ်မမြင်ပါဘူး။ တရုတ်က ပြောနေတာ တိုးတိုး တစ်မျိုး ပြောနေတာကြာပါပြီ။ အခုမှ ပြောနေတာမဟုတ်ပါဘူး။ တောက်လျှောက် ပြောနေတာပဲ။ တရုတ်တွေကိုယ်တိုင်ကလည်း မြင်နေရတာကိုး။ ဥပမာ – အာဆီယံအစည်းအဝေးတွေ ဘာတွေမှာလာတယ်ဆိုရင်လည်း မြန်မာအရာရှိတွေ ဘာတွေရဲ့ ပြောဟန်ဆိုပေါက်တွေကြည့်ကြည့်ပြီး သူတို့တော်တော် စိတ်ပျက်နေတာ ကြာပါပြီ။ ပြောလည်း ပြောနေတာပါပဲ၊ ဒါပေမယ့် ပြုပြင်ပြောင်းလဲမှုကျတော့ မလွယ်ပါဘူး။ သူတို့ နအဖ အနေနဲ့ ပြုပြင်ပြောင်းလဲဖို့က တော်တော်ခက်ပါတယ်။" ■

# ဆန္ဒပြမှုတွေကြောင့် အဖမ်းခံထားရသူများကို ချက်ချင်းပြန်လွှတ်ပေးဖို့ ပြည်ပရောက် ဆရာဝန်များက တောင်းဆို

ဗွီအိုအေ ၊ ၁၄ ၊ စက်တဘ်ာ ၊ ၂၀၀၇

စစ်အစိုးရက လောင်စာဆီဈေးတွေမြင့်လိုက်ပြီးတဲ့နောက်ပိုင်း မြန်မာပြည်အနှံ့အပြားမှာ ထွက်ပေါ်လာတဲ့လူထုမကျေနပ်ချက် ထုတ်ဖော် ဆန္ဒပြမှုတွေကို စစ်အစိုးရဖက်က အခုထိ ဆက်ပြီးတော့ ဖိနှိပ်နေတုန်းပါ။ ဆန္ဒပြမှုတွေအတွင်းမှာ စုစုပေါင်း လူ ၂၀၀ လောက်ကို ဖမ်းဆီးခဲ့ပါတယ်။ ဖမ်းဆီးထားသူတချို့ကို ပြန်လွှတ်ပေးတယ်ဆိုပေမယ့်လည်း မနေ့တုန်းက စစ်ကိုင်းမြို့က အဲန်အယ်လ်ဒီအဖွဲ့ဝင် အနည်းဆုံး လေးယောက်ကို အိမ်မှာ လာပြီးတော့ ဖမ်းဆီးသွားတဲ့အကြောင်း ရန်ကုန် အဲန်အယ်လ်ဒီရုံးချုပ်က အတည်ပြု ပြောခဲ့ပါတယ်။

အဖမ်းခံရသူတွေဟာ ဆန္ဒပြလို့မဟုတ်ဘဲနဲ့ ဖမ်းဆီးခံခဲ့ရတာ ဖြစ်တယ်လို့လည်း ဆိုပါတယ်။ ဒီလိုမျိုး မကျေနပ်မှုတွေကို ငြိမ်းငြိမ်းချမ်းချမ်း ထုတ်ဖော်ပြောဆိုသူတွေအပေါ်မှာ အကြမ်းဖက်ဖိနှိပ်နေတဲ့ သတင်းတွေကို မြင်တွေ့ကြားသိနေရလို့ စိုးရိမ်တကြီး ဖြစ်နေကြသူတွေထဲမှာ နိုင်ငံတကာရောက် မြန်မာနိုင်ငံဆရာဝန်များနဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေလည်း ပါပါတယ်။ဖမ်းဆီးသူတွေကို ချက်ချင်းပြန်လွှတ်ပေးဖို့နဲ့ အကြမ်းဖက်မှုတွေကို ဆက်ပြီးတော့မလုပ်ဖို့ လက်မှတ်တွေဝိုင်းထိုးပြီး တော့ မြန်မာစစ်အစိုးရကို တောင်းဆိုနေပါတယ်။

> **"ဆရာဝန်တွေကတော့ ကျနော်တို့ အင်တာနက်ပေါ်မှာ တွေ့ကြ၊ ဆုံကြ၊ ပြောကြတဲ့အထဲမှာဆရာဝန် ၇၀၀ ကျော် လောက်ရှိပါတယ်။အများစုကတော့ အင်္ဂလန်ပြည်ရယ်၊ အမေရိကန်ရယ်၊ ဩစတေးလျရယ်၊ ယိုးဒယားလည်းပါတယ်၊ မလေးရှားလည်းပါတယ်၊ ကနေဒါလည်း ပါပါတယ် ခင်ဗျ။"**

သူတို့ရဲ့သဘောထား ကြေညာချက်တစ်စောင်ကိုလည်း အခု ထုတ်ပြန်ထားပါတယ်။ တောင်းဆိုသူတွေထဲမှာပါတဲ့ အမေရိကန်နိုင်ငံရောက် ဒေါက်တာ ထွန်းကျော်ငြိမ်း ကို ဆက်သွယ်မေးမြန်းပြီး ထားပါတယ်။

ဗွီအိုအေ။ ။နိုင်ငံတကာရောက်နေတဲ့ မြန်မာအတတ်ပညာရှင်၊ အသိပညာရှင်တွေက ဘယ်လိုခံစားမှုတွေရှိတယ်ဆိုတာကို အရင်ဆုံး ရှင်းပြပေးပါခင်ဗျာ –

"အဓိကကတော့ ကျနော်တို့ အင်တာနက်ပေါ်ကနေ မြင်နေရတယ်ခင်ဗျ။ ကုန်ဈေးနှုန်းတက်တာကို အရေးယူပေးဖို့ ဆန္ဒပြတောင်းဆိုနေတဲ့ လူတွေကို အကြမ်းဖက်ဖမ်းဆီးမှုတွေ၊ အညှဉ်းပန်းခံရပြီးတော့ သေဆုံးတယ်ဆိုတဲ့သတင်းတွေ ကြားနေရတယ်။ ဒီဟာတွေအတွက် ကျနော်တို့ အလွန်ကြောင့်ကြမှုဖြစ်ပါတယ်။ ဖမ်းဆီးထားတဲ့လူတွေ၊ အညှဉ်းပန်းခံရတဲ့လူတွေကို ပြုစုစောင့်ရှောက်တဲ့နေရာမှာလည်း မြန်မာပြည်မှာရှိတဲ့ ကျနော်တို့ရဲ့လုပ်ဖော်ကိုင်ဖက် ဆရာဝန်တွေ၊ သူနာပြုဆရာမတွေ အားလုံးကို ဒီလူတွေကို သူတို့နဲ့ထိုက်တန်တဲ့၊ လူ့ဂုဏ်သိက္ခာနဲ့ညီတဲ့ ပြုစုစောင့်ရှောက်မှုကိုပေးဖို့ ကျနော်တို့တောင်းဆိုတာဖြစ်ပါတယ်။"

ဗွီအိုအေ။ ။အခုလိုမျိုး ကြေညာချက်ထွက်တယ်၊ ဒီအပေါ်မှာ စိုးရိမ်တဲ့အကြောင်း သဘောတူလက်မှတ်တွေရေးထိုးတယ်၊ ပြီးတော့ နောက်တဆင့်က ဘာတွေရှိပါသလဲခင်ဗျ၊ ဘာတွေဆက်လုပ်ဖို့ စိတ်ကူးရှိပါ သလဲ –

"ကျနော်တို့ ဒီဟာကို တိုင်းပြည်အခြေအနေအပေါ် ကြည့်ပြီးတော့ လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီစာကိုလက်မှတ်ထိုးတဲ့ အထဲမှာပါတဲ့ ဆရာဝန်တွေဟာ များသောအားဖြင့်က နိုင်ငံရေးနဲ့ပတ်သက်သူများ မဟုတ်ပါဘူး။ သို့သော် လက်ရှိမြန်မာပြည်မှာဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ ပတ်သက်ပြီးတော့ စိုးရိမ်ကြောင့်ကြမှုတွေဖြစ်ပေါ်နေတဲ့အတွက် ဒီစာကို ထုတ်ပြန်ရခြင်းဖြစ်ပါတယ်။ အခု ဒီစာကိုလက်မှတ်ထိုးတာ လူ ၁၀၀ ကျော် ရှိပါတယ်။"

ဗွီအိုအေ။ ။သဘောတူလက်မှတ်ထိုးတာက ဘယ်နိုင်ငံက ဆရာဝန်တွေက ပိုများသလဲခင်ဗျ –

"ဆရာဝန်တွေကတော့ ကျနော်တို့ အင်တာနက်ပေါ်မှာ တွေ့ကြ၊ ဆုံကြ၊ ပြောကြတဲ့အထဲမှာဆရာဝန် ၇၀၀ ကျော်လောက်ရှိပါတယ်။ အများစုကတော့ အင်္ဂလန်ပြည်ရယ်၊ အမေရိကန်ရယ်၊ ဩစတေးလျရယ်၊ ယိုးဒယားလည်းပါတယ်၊ မလေးရှားလည်းပါတယ်၊ ကနေဒါလည်း ပါပါတယ် ခင်ဗျ။"

ဗွီအိုအေ။ ။ အခု ဒီလှုပ်ရှားမှုကို ဘယ်လောက်အထိ ကျယ်ကျယ်ပြန့်ပြန့်လုပ်သွားဖို့ အစီအစဉ်တွေရှိပါသလဲခင်ဗျ –

"ဆက်လက်ပြီးတော့ လှုပ်ရှားမှုကတော့ မြန်မာနိုင်ငံအတွင်းမှာ ဆက်ပြီးတော့ဖြစ်မယ့် အခြေအနေပေါ်တည်ပါတယ်။" ■

---

## ကြေညာထားသည့်အတိုင်း သံဃာများ သပိတ်မှောက်ရန် ပြင်ဆင်နေခြင်း

အာအက်ဖ်အေ၊ ၁၄၊ စက်တင်ဘာ၊ ၂၀၀၇

သံဃာတော်တွေကို အကြမ်းဖက်တိုက်ခိုက်ခဲ့မှုအပေါ် ဝန်ချတောင်းပန်ဖို့ စစ်အစိုးရကို သံဃာ့တပ်ပေါင်းစုကနေ တောင်းဆိုထားတာကို ဒီကနေ့ စက်တင်ဘာ ၁၄ ရက်အထိ တုန့်ပြန်ခြင်းမရှိတဲ့အတွက် သံဃာတွေဘက်က ပြောဆိုထားတဲ့အတိုင်း သပိတ်မှောက်ကံဆောင်တာကို ဆက်လက်လုပ်ကိုင်ရမယ်လို့ ပြောဆိုလိုက်ပါတယ်။

> **ဒီကနေ့အထိ စစ်အစိုးရဘက် တစုံတရာ အကြောင်းပြန်ကြားခြင်း မရှိတဲ့အတွက် ပတ္တနိကုဇ္ဇနကံဆောင် သပိတ်မှောက်တဲ့ကိစ္စကို သံဃာတွေဘက်က ဆက်လက်ဆောင်ရွက်သွားမယ်လို့ သံဃာတွေဘက်က အတည်ပြုပြောဆို**

ပြီးခဲ့တဲ့ စက်တင်ဘာလ ၉ ရက်နေ့က သံဃာ့တပ်ပေါင်းစုကနေ တောင်းဆိုချက်တွေကို တောင်းဆိုထားပါတယ်။ ပခုက္ကူမြို့မှာ သံဃာတွေကို အကြမ်းဖက်တိုက်ခိုက်ခဲ့တဲ့ကိစ္စ ဝန်ချတောင်းပန်ဖို့ အပါအဝင်၊ လက်ရှိ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းပေးဖို့ တောင်းဆိုထားတာပါ။

ဒါကို ဒီကနေ့အထိ စစ်အစိုးရဘက် တစုံတရာ အကြောင်းပြန်ကြားခြင်းမရှိတဲ့အတွက် ပတ္တနိကုဇ္ဇနကံဆောင် သပိတ်မှောက်တဲ့ကိစ္စကို သံဃာတွေဘက်က ဆက်လက်ဆောင်ရွက်သွားမယ်လို့ သံဃာတွေဘက်က အတည်ပြုပြောဆိုလိုက်ပါတယ်။

တာဝန်ရှိ သံဃာတပါး –

သံဃာတပ်ပေါင်းစုအဖွဲ့ကြီးမှာ နိုင်ငံတော်အကြီးအကဲများအားလုံးသို့ (၉) ရက် (၉)လ ၂၀၀၇ပါနေ့စွဲဖြင့်၊ သံဃာ့ဆန္ဒအတိုင်း ထုတ်ပြန်ကြေညာပြီး အချက်အလက်တို့ကို နိုင်ငံတော်အကြီးအကဲများဘက်မှ လိုက်နာခြင်း၊ အသိပေးခြင်း ဆွေးနွေးခြင်းတို့ကို ယနေ့အထိ ပြုလုပ်ဆောင်ရွက်ခြင်း မရှိခဲ့ပေ။ သို့ဖြစ်ပါသောကြောင့်၊ ၎င်းကို (၉) ရက်(၉)လ ၂၀၀၇ နေ့စွဲပါ ကြေညာချက်အတိုင်း သံဃာထုမှ ဆက်လက်ဆောင်ရွက်သွားမည်။

အဲဒီ သပိတ်မှောက်ကံဆောင်ဖို့အတွက် သံဃာတွေအနေနဲ့လည်း ဆွေးနွေးတိုင်ပင်တာတွေရှိတယ်လို့လည်း သိရပါတယ်။ အခုလို သံဃာတွေ ပတ္တနိကုဇ္ဇနကံဆောင်ဖို့ ပြင်ဆင်နေပါတယ်။ ■

---

## ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင်ဖြစ်သူ ကိုဇော်ဇော်မင်းအတွက် မိသားစု အထူးစိုးရိမ်

ဒီွဗွီဘီ ၊ ၁၄၊ စက်တင်ဘာ၊ ၂၀၀၇

ကိုမင်းကိုနိုင်တို့နဲ့အတူ အဖမ်းခံခဲ့ရတဲ့ အင်းစိန်မြို့က ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ဝင် ကိုဇော်ဇော်မင်းကို ဘယ်မှာ ဖမ်းထားမှန်း မသိတဲ့အတွက် မိသားစုက စိုးရိမ်ပူပန်နေပါတယ်။ ဖမ်းဆီးထားတာ (၂၄) ရက် ကြာနေပြီဖြစ်လို့ မိမိခင်ပွန်းအတွက်သာမက ၈၈ မျိုးဆက်ကျောင်းသားအားလုံးအတွက် စိုးရိမ်ပူပန်နေပါတယ်လို့ ကိုဇော်ဇော်မင်းရဲ့ဇနီး မဌေးဌေးဝင်းက ပြောပါတယ်။

"ကျမအမျိုးသားကို အဆက်အသွယ်ရရင် သူ့အတွက် ဘယ်လိုနေထိုင်ရတယ်ဆိုတာ အဆက်အသွယ်လေး သိရရင်တော်ပါပြီ။"

အဆုတ် ရောဂါအခံရှိတဲ့ ကိုဇော်ဇော်မင်းရဲ့ကျန်းမာရေးအတွက် စိုးရိမ်ပူပန်တယ်လို့ ညီဖြစ်သူ ကိုကျော်ကျော်မင်းက ပြောပါတယ်။

"ဆေးဝါးဆက်မသုံးဆောင်ရတဲ့အခါမှာ ဘာတွေဖြစ်မလဲပေါ့။ ဘယ်ရောက်နေလဲဆိုတာလည်း မသိရတဲ့အတွက်ကြောင့် မိသားစုရဲ့စိုးရိမ်မှုတွေက တော်တော်ရှိနေပြီ။"

နယ်မြေခံရဲစခန်းနဲ့ အင်းစိန်ထောင်အပါအဝင် အာဏာပိုင်များထံ စုံစမ်းမေးမြန်းပေမယ့် ဘာမှမသိရသေးဘူးလို့ ကိုကျော်ကျော်မင်းက ပြောပြီး စက်တင်ဘာ (၂) ရက်နဲ့ (၃) ရက်ထုတ် အစိုးရ သတင်းစာပါ 'မင်းကိုနိုင်–ကြိုးမဲ့လေတံခွန် သို့မဟုတ် တိုင်းပြည်အန္တရာယ်' ဆောင်းပါးထဲက မှားယွင်းရေးသားချက်တွေကိုလည်း မနှစ်မြို့ဘူးလို့ ပြောပါတယ်။

"ကျနော့်အစ်ကိုနဲ့ပတ်သက်လို့ သုံးထားတဲ့အသုံးအနှုန်းတွေကို ကျနော်တို့က မကြိုက်ဘူး။ သတင်းအချက်အလက်အမှားတွေနဲ့ ရေးထားတဲ့ဟာတွေ သွားတွေ့ရတယ်။ ဥပမာ၊ ကျနော့် အစ်ကိုမှာ ဟန်းဖုန်းဝယ်ကိုင်ထားတယ်ပေါ့ ဗျာ။ ကျနော့်အစ်ကိုကို လာဆွဲတုန်းကလည်း၊ လာပြီးတော့ မေးဖို့ခေါ်သွားတဲ့အချိန်မှာ ကျနော့်အစ်ကိုမှာ ဟန်းဖုန်းမှမရှိတာ။ အဲဒီ အချက်ကမှားနေတယ်။ ကိုကျော်ကျော်မင်းရဲ့တူ ဒီငြိမ်းလင်းကိုလည်း ဇူလိုင်လအတွင်း အမေရိကန်စင်တာမှာ ကျောင်းသားသမဂ္ဂဖွဲ့စည်းတဲ့ကိစ္စထဲ ပါဝင်တယ်လို့ စွပ်စွဲရေးသားချက်ဟာ မှားယွင်းတဲ့အပြင် ဩဂုတ် (၂၂) ရက် လမ်းလျှောက်ဆန္ဒပြပွဲမှာ ဒီငြိမ်းလင်းပါတယ်လို့ ရေးသားချက်ဟာလည်း မမှန်ဘူးလို့ ရှင်းပြပါတယ်။

"အဲဒီနေ့က ဒီငြိမ်းလင်းက အိမ်မှာပဲရှိတယ်။ မိသားစုနဲ့အတူရှိတယ်။ သူ့ကိုစောင့်ကြည့်နေတဲ့ နယ်မြေခံအာဏာပိုင်အဖွဲ့အစည်းကလူတွေလည်း သိတယ်။" မောင်ဒီငြိမ်း သွားလေရာမှာလည်း အာဏာပိုင်များက တောက်လျှောက် လိုက်ပါစောင့်ကြည့်နေတာကြောင့် ကလေးအတွက်ရော မိသားစုအတွက်ပါ စိုးရိမ်တာကြောင့် ဆောင်းပါးပါအချက်အလက် အမှားတွေကိုပြုစုပြီး သက်ဆိုင်ရာအာဏာပိုင်များထံ တင်ပြဖြေရှင်းဖို့ ပြင်ဆင်နေတယ်လို့လည်း ကိုကျော်ကျော်မင်းက ပြောပါတယ်။ ■

---